
## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်ဝင်ရောက်

၂၀၂၁ ခုနှစ် အောက်တိုဘာလ - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ




စစ်ကောင်စီ၏ မီနီဘတ်ဂျက်စတင်သော ကာလအဖြစ်သတ်မှတ်ထားသည့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း **အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်** ဝင်ရောက်ခဲ့သည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် **အမေရိကန်ဒေါ်လာ သန်း ၂၂၀ နီးပါး**နှင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလတွင် **အမေရိကန်ဒေါ်လာ သန်း ၂၆၀ ကျော်** ဝင်ရောက်ခဲ့သည်။ ယခင်နှစ်ကာလတူ (၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ) နှိုင်းယှဉ်ပါက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ သန်း ၁၄၀ ကျော်** လျော့နည်းခဲ့သည်။

မှတ်ချက် - စစ်ကောင်စီက ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ မီနီဘတ်ဂျက်အဖြစ် ပြင်ဆင်သတ်မှတ်ထားသည်။ ထို့ကြောင့် ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် မတ်လအထိ ဘဏ္ဍာနှစ်အသစ် ဖြစ်လာမည်ဖြစ်သည်။

ရင်းမြစ် - စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## စင်ကာပူနှင့် တရုတ်က အများဆုံးရင်းနှီးမြှုပ်နှံခဲ့

၂၀၂၁ ခုနှစ် အောက်တိုဘာလ - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ





အင်အားကြီးနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ရင်းနှီးမြှုပ်နှံမှုတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ စုစုပေါင်း **အမေရိကန်ဒေါ်လာ သန်း ၅၃၀ ကျော်** ဝင်ရောက်ခဲ့သည်။ ယင်းတို့အနက် အာဆီယံဒေသတွင်းမှ ဝင်ရောက်သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် အများဆုံးဖြစ်ခဲ့ပြီး **အမေရိကန်ဒေါ်လာ ၂၈၅ သန်းကျော်** ဝင်ရောက်ခဲ့သည်။ အာဆီယံနိုင်ငံများအနက် စင်ကာပူနိုင်ငံသည် **အမေရိကန်ဒေါ်လာ ၂၇၇ သန်းကျော်**ဖြင့် အများဆုံးရင်းနှီးမြှုပ်နှံသည့်နိုင်ငံ ဖြစ်ခဲ့သည်။ ပြီးခဲ့သည့် ငါးလတာအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း၏ **၅၂ ရာခိုင်နှုန်းကျော်**မှာ စင်ကာပူနိုင်ငံမှ ဖြစ်လာသည်။ တရုတ်နိုင်ငံက **အမေရိကန်ဒေါ်လာ ၁၁၈ သန်း ကျော်**ဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံက **အမေရိကန်ဒေါ်လာ ခုနစ်သန်း**ဖြင့် တတိယ အများဆုံးရင်းနှီးမြှုပ်နှံခဲ့သည်။ နယ်သာလန်နိုင်ငံက **အမေရိကန်ဒေါ်လာ လေးသန်း**၊ ဂျပန်နိုင်ငံက **အမေရိကန်ဒေါ်လာ တသန်းကျော်**၊ အိန္ဒိယနိုင်ငံက **အမေရိကန်ဒေါ်လာ ငါးသိန်းကျော်**၊ ပြင်သစ်နိုင်ငံက **အမေရိကန်ဒေါ်လာ လေးသိန်းကျော်**နှင့် ဗြိတိန်နိုင်ငံက **အမေရိကန်ဒေါ်လာ သုံးသိန်းကျော်** ဝင်ရောက်ခဲ့သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်း အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ခြင်း လုံးဝမရှိပေ။

ရင်းမြစ် - စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## တရုတ်ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၁၁၈ သန်းကျော်ဝင်ရောက်

၂၀၂၁ ခုနှစ် အောက်တိုဘာလ - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ





တရုတ်ရင်းနှီးမြှုပ်နှံမှုသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် **အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်**ဖြင့် အများဆုံးဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် အောက်တိုဘာလတွင် **အမေရိကန်ဒေါ်လာ ခုနှစ်သန်းကျော်**သာ ဝင်ရောက်ခဲ့သည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ အထိ တရုတ်ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ၁၁၈ သန်းကျော်** ဝင်ရောက်ခဲ့သည်။ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် တရုတ်ရင်းနှီးမြှုပ်နှံမှု **အမေရိကန်ဒေါ်လာ ၁၃၉ သန်းကျော်** ဝင်ရောက်ခဲ့သဖြင့် ကာလတူနှိုင်းယှဉ်ပါက **အမေရိကန်ဒေါ်လာ ၂၁ သန်းနီးပါး** လျော့နည်းသွားသည်။

ရင်းမြစ် - စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

## ဝန်ဆောင်မှုကဏ္ဍမှလွဲ၍ အခြားကဏ္ဍများ၌ ရင်းနှီးမြှုပ်နှံမှုများ ကျဆင်းလျက်ရှိ

၂၀၂၁ ခုနှစ် အောက်တိုဘာလ - ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ




၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအထိ ငါးလတာအတွင်း ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှုတွင် ဝန်ဆောင်မှုကဏ္ဍမှလွဲ၍ အခြားကဏ္ဍများတွင် ကျဆင်းသွားခဲ့သည်ကိုတွေ့ရသည်။ သတ္တုတူးဖော်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့၊ အိမ်ခြံမြေ၊ စက်မှုဇုန်များ စသည့် ကဏ္ဍအသီးသီးတို့တွင် ရင်းနှီးမြှုပ်နှံမှုဝင်ရောက်ခြင်း လုံးဝမရှိခဲ့ပေ။ ကာလတူနှိုင်းယှဉ်ပါက စွမ်းအင်ကဏ္ဍတွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း **အမေရိကန်ဒေါ်လာ သန်း ၁၆၀ ကျော်** ဝင်ရောက်နေရာမှ ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း **အမေရိကန်ဒေါ်လာ သန်း ၂၀ ကျော်**သာ ဝင်ရောက်ခဲ့သောကြောင့် **ရှစ်ဆနီးပါး** ကျဆင်းသွားခဲ့သည်ကို တွေ့ရသည်။

ရင်းမြစ် - စစ်ကောင်စီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန